# ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲဆွေးနွေးပွဲအစီရင်ခံစာ

## နိဒါန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME) စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို (၄.၁၀.၂၀၂၂)ရက်နေ့ နံနက်(၁၀:၀၀)နာရီ တွင် ပြည်မြို့ရှိ သီရိခေတ္တရာ ရတနာပုံ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

## တွေ့ဆုံပွဲတက်ရောက်သူများ

၂။ အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၊ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ တွဲဖက်အတွင်း ရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာကြီးများ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ပြည်ခရိုင် အတွင်းရှိ ဖိတ်ကြားထားသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း (၁၃၄)ဦး တက်ရောက်ခဲ့ကြပါသည်။

## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းမှ ရှင်းလင်းတင်ပြခြင်း

၃။ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဦးမျိုးဆွေဝင်းမှ ပဲခူးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသည့် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက် ထားရှိမှု၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များသို့ ချေးငွေများ ထုတ်ပေးထားမှု၊ သင်တန်းများ ကဏ္ဍအလိုက်ဖွင့်လှစ်ထားရှိမှု၊ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ ခေတ်မီ စက်ကိရိယာများ သုံးစွဲနိုင်ရန် ဆောင်ရွက်လျက်ရှိမှု၊ ဈေးကွက်ရရှိရေးအတွက် ထုတ်ကုန်ပြပွဲများ ကျင်းပရန် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသွားပါသည်။

**ပဲခူးတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းရှင်များမှ တင်ပြချက်များ**

၄။ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းရှင်များမှ အောက်ပါအတိုင်း တင်ပြဆွေးနွေးခဲ့ပါသည်-

(က) ပြည်ခရိုင် စိုက်ပျိုးရေးသွင်းအားစု လုပ်ငန်းရှင်များအသင်း၊ ဒုတိယဥက္ကဋ္ဌ ဦးမင်းမင်းထွန်း၊ ပြည်ခရိုင် ဆန်စက်လုပ်ငန်းရှင်များအသင်း၊ ဥက္ကဋ္ဌ ဦးဇော်ထက်ပိုင် ပြည်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား **MSME** လုပ်ငန်းရှင်များ ဖြစ်ကြသည့် ဦးလင်းအောင်ထွေး၊ ဒေါက်တာနေလင်းအောင်၊ ဦးရဲလင်းဦးနှင့် တက်ရောက်လာကြသည့် လုပ်ငန်းရှင်များဖြစ်သည့် ဦးနေလင်းထိုက်၊ ဦးသန်းထွဋ်ဦးနှင့် ဒေါ်ဇေဇီစုနိုင်တို့က တင်ပြရာတွင် စိုက်ပျိုးရေးတောင်သူများသို့ စိုက်ပျိုးရေးသွင်းအားစုများ ရောင်းချဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ အဓိကသွင်းအားစုဖြစ်သည့် ဓာတ်မြေသြဇာများ ဈေးနှုန်းသက်သာစွာရရှိရေး ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ဆန်များကို ဈေးနှုန်းသက်သာစွာဖြင့်ရောင်းချပေးလျက်ရှိပါကြောင်း၊ စပါးစိုက်ပျိုးရေးအတွက် ရင်းနှီးမတည်ငွေများကို နိုင်ငံတော်မှ သက်သာသောအတိုးနှုန်းဖြင့် ထုတ်ချေးပေးရန် လိုအပ်ပါကြောင်း တင်ပြဆွေးနွေးခဲ့ပါသည်။

(ခ) ရှေးဟောင်းယဉ်ကျေးမှု နယ်မြေများရှိခြင်းကြောင့် ပြည်ပ ခရီးသွားများဝင်ရောက်သည့်ဒေသဖြစ်ပြီး ယခင် ကိုဗစ်-၁၉ရောဂါ ကူးစက်မှုနှုန်း မြင့်မားသည့်ကာလအတွင်း ခရီးသွားလုပ်ငန်းများ အခက်အခဲဖြစ်ပေါ်ခဲ့မှု၊ ရောဂါကူးစက်မှုနှုန်းများ ကျဆင်းလာချိန်တွင် ခရီးသွားလုပ်ငန်းများ ပြန်လည်ကောင်းမွန်လာမှု၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍတိုးတက်ရေးအတွက် နိုင်ငံတော်မှ ကူညီပံ့ပိုးမှုများနှင့် ဖြေလျှော့မှုများဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ အထင်ကရ နေရာများရှိ လမ်းညွှန်ဆိုင်းဘုတ်များကို အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် ထင်ထင်ရှားရှား တပ်ဆင်ပေးရန်လိုအပ်ပါကြောင်း၊ ကိုဗစ်ကာလအတွင်း ချေးငွေရယူထားသည့် **MSME** လုပ်ငန်းရှင်များအနေဖြင့် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသဖြင့် နိုင်ငံတော်သို့ ပြန်လည်ပေးဆပ်ရမည့်ကာလအား တိုးမြှင့်ပေးစေလိုပါကြောင်း၊ ရင်းနှီးမြှုပ်နှံငွေများ ဆက်လက်ဆောင်ရွက်ပေးစေလိုပါကြောင်းတင်ပြဆွေးနွေးခဲ့ပါသည်။

(ဂ) ဆီထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ဆီထွက်သီးနှံများမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများကို အသုံးပြု၍ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ ဆီများ အရည်သွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေး ခေတ်မီစက်ကိရိယာများနှင့် နည်းပညာများလိုအပ်ပါကြောင်း၊ နိုင်ငံတော်မှ ဆီထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်နေခြင်းအတွက် ဆီလုပ်ငန်းရှင်များအနေ

ဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ စက်မှုလုပ်ငန်းများအတွက် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ စက်သုံးဆီများ ဈေးနှုန်းသက်သာစွာဖြင့် ရရှိရန် လိုအပ်ပါကြောင်း၊ သံထုတ်လုပ်မှုအတွက် သတ္တုကုန်ကြမ်းများနှင့် အခြား ဆက်စပ်ပစ္စည်းများကို နိုင်ငံတော်မှ သက်သာသောဈေးနှုန်း ဖြင့် ရောင်းချပေးစေ လိုပါကြောင်း၊ အရည်အသွေးပြည့်မီသည့် သံများ ထုတ်လုပ်နိုင်ရေး နည်းပညာ များ မျှဝေပေးရန် လိုပါကြောင်း၊ ပန်းပုလုပ်ငန်းများအတွက် ကုန်ကြမ်းများ လိုအပ်လျက်ရှိသဖြင့် ထုတ်လုပ်မှုများ အခက်အခဲ ဖြစ်ပေါ်လျက်ရှိမှုတို့နှင့် ပတ်သက်၍ အသီးသီးတင်ပြဆွေးနွေးခဲ့ကြပါသည်။

## နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌမှ ပြန်လည်ဖြည့်စွက်ရှင်းလင်း ဆွေးနွေးခြင်း

၅။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ MSME များ၏ တင်ပြချက်များနှင့် ပတ်သက်၍ အောက်ပါအတိုင်း ပြန်လည်ဖြည့်စွက် ဆွေးနွေးခဲ့ပါသည်-

(က) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လုပ်ငန်းရှင်များ၏ တစ်ဦးချင်း တင်ပြချက်များအပေါ် ပြန်လည်ဖြည့်စွက် ရှင်းလင်း ဆွေးနွေးရာတွင် ခရီးသွားကဏ္ဍကို မိမိအနေဖြင့်အားပေးပြီး ပြည်ဒေသတွင် ရှေးဟောင်းယဉ်ကျေးမှု နယ်မြေများနှင့် ထင်ရှားသည့် ဘုရားများစွာ တည်ရှိကြောင်း၊ ရထားခရီးဖြင့် အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရထားလမ်း အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နောင်တချိန်တွင် လျှပ်စစ်ဓါတ်အားအသုံးပြုသည့် ရထားများပြေးဆွဲနိုင်ရေး ရည်ရွယ်ဆောင်ရွက် လျက်ရှိပြီး၊ ခရီးသွားလုပ်ငန်း အထောက်အကူပြုရန် ဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်း၊ ဒေသသန့်ရှင်း သာယာလှပရေးအတွက် တာဝန်ရှိသူများအနေဖြင့် အားလုံးဝိုင်းဝန်း ဆောင်ရွက်ကြရန်လိုပါကြောင်း၊ ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်နှင့် ကမ္ဘာလှည့်ခရီးသွားများနေထိုင်ရန် သင့်တော်သည့် တည်းခို နေရာနှင့် ခေတ္တအနားယူသည့် နေရာများကို စနစ်တကျတည်ဆောက်ရန် လိုပါ ကြောင်း ဖြည့်စွက်ဆွေးနွေးခဲ့ပါသည်။

(ခ) အစားအသောက်များကိုလည်း ယခုထက်ပိုမိုသန့်ရှင်း၊ သပ်ရပ်ကောင်းမွန် အောင်ဆောင်ရွက်၍ ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်ရန် ဒေသခံ များအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ သီးနှံများ စိုက်ပျိုး ထုတ်လုပ်ခြင်း နှင့်ပတ်သက်၍ မျိုးကောင်း၊ မျိုးသန့်ဖြစ်ရန်၊ မြေကို စနစ်တကျ ပြုပြင်ရန်နှင့် သဘာဝမြေဩဇာ၊ ဓါတ်မြေဩဇာများ လုံလောက်စွာရရှိရန်၊ အောင်ရေရရှိရန်နှင့် စိုက်ပျိုးရေးစနစ်များ မှန်ကန်ရန်လိုကြောင်း၊ ဈေးကွက်

စီးပွားရေးစနစ်ကို ဆောင်ရွက်နေခြင်းဖြစ်သဖြင့် ပုဂ္ဂလိကစီးပွားရေးကို အားပေးခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့် တောင်သူများကို နိုင်ငံတော်မှ ပံ့ပိုးကူညီခြင်းများရှိသကဲ့သို့ စိုက်ပျိုးသူတောင်သူများကိုယ်တိုင်ကလည်း စနစ်တကျ စိုက်ပျိုးကြရန်လိုကြောင်း၊ ဒေသတစ်ခုချင်းအလိုက် ကောင်းမွန်သည့်မျိုးများရရှိစေရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း ဖြည့်စွက်ဆွေးနွေး ပြောကြားပါသည်။

(ဂ) စားသုံးဆီများ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်ရန်အတွက် ခေတ်မီစက်ကိရိယာများ လိုအပ်ကြောင်း၊ နိုင်ငံတော်မှ ဆီထုတ်လုပ်ရေး လုပ်ငန်းများအတွက် ကူညီပံ့ပိုးပေးမှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။ စက်သုံးဆီများကို အဓိကအားဖြင့် ပြည်ပမှတင်သွင်းနေရပြီး ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူရရှိနိုင်ရေး နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မကြာမီအချိန်အတွင်း ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်မည့် အလားအလာများရှိပါကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသုံးပြုသည့် စက်သုံးဆီနှင့် စက်မှုလုပ်ငန်းသုံးစက်သုံးဆီများရှိပါကြောင်း၊ စက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် လျှပ်စစ်ဓါတ်အားများရရှိရေးအတွက် နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝဓါတ်ငွေ့ ထုတ်ယူရရှိနိုင်သည့်နေရာလည်း တွေ့ရှိထားပြီဖြစ်ပြီး နောင်လာမည့် သုံးနှစ်ခန့်အတွင်း ထုတ်ယူနိုင်မည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓါတ်အားဖြင့် အသုံးပြုနိုင်သည့် အများပြည်သူ သယ်ယူပို့ဆောင်သည့်စနစ်ကို အကောင်အထည်ဖော်ရန်အတွက် စီမံချက်များချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ သံထုတ်လုပ်မှုအတွက် လိုအပ်သည့် သတ္တုကုန်ကြမ်းများကို သတ္တုသိုက်ရှိသည့်နေရာများတွင် ပုဂ္ဂလိကလုပ်ငန်းများကို လုပ်ပိုင်ခွင့်ပေးထားပြီး ဖြစ်ကြောင်း၊ အရည်အသွေးပြည့်မီသည့် သံများထုတ်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ နည်းပညာများမျှဝေ ပေးသွားမည်ဖြစ်ကြောင်း၊ ပန်းပုထုလုပ်ခြင်းလုပ်ငန်းအတွက် လိုအပ်သည့် ကုန်ကြမ်းများရရှိရေးအတွက် နည်းလမ်းရှာဖွေဆောင်ရွက်ရန်လိုကြောင်းဖြင့် ပြန်လည်ဖြည့်စွက် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

**ပြည်ထောင်စုဝန်ကြီးများမှ ပြန်လည်ရှင်းလင်းဖြေကြားခြင်း**

၆။ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းရှင်များ၏တင်ပြမှုများအပေါ် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများမှ အောက်ပါအတိုင်း ရှင်းလင်းပြောကြားခဲ့ပါသည်-

(က) ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းရာတွင် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာ ကံဇော်၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်းနှင့် ဦးအောင်နိုင်ဦးတို့က ဝန်ကြီး

ဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ကိုဗစ်-၁၉ ကာလချေးငွေများနှင့် ပတ်သက်၍ နိုင်ငံတော်မှ သင့်တော်သည့် ဖြေလျှော့ပေးမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှု အရင်းအနှီးများကိုလည်း ထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်၍ နိုင်ငံတော်မှ ချေးငွေများကို ခေါင်းစဉ်အမျိုးမျိုးဖြင့် အမြောက်အများ ထုတ်ပေးထားပြီးဖြစ်သဖြင့် ချေးငွေများ အချိန်မီပြန်လည် ပေးဆပ်ပြီး နိုင်ငံတော်၏ငွေကြေးလည်ပတ်မှု ကောင်းမွန်စေရေးအတွက်လည်း လုပ်ငန်းရှင်များအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ နိုင်ငံတော် မှ ချမှတ်ပေးထားသည့် စီးပွားရေးမူဝါဒများအတိုင်း လိုက်နာ၍ စီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်နှင့် ပြည်သူ အတွက် အကျိုးရှိစေမည့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို လွယ်ကူစွာ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ နယ်မြေအလိုက် ရုံးများတိုးချဲ့ ဖွင့်လှစ် ဆောင်ရွက်လျက်ရှိမှု၊ အရည်အသွေးပြည့်မီသည့် သွင်းအားစုများ တောင်သူများ လက်ဝယ်သို့ရောက်ရှိရေး၊ ထုတ်ကုန်များ ဈေးနှုန်းကြီးမြင့်မှုမရှိစေရေးအတွက် အကျိုးတူလယ်ယာစနစ်ကို ဆောင်ရွက်ခြင်းဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်မှု၊ စိုက်ပျိုးရေးအတွက် သွင်းအားစုများ ပြည်ပမှဈေးနှုန်းသက်သာစွာ တင်သွင်း ရရှိရေး ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်တွင်း၌လည်း ဇီဝမြေသြဇာများကို ထုတ်လုပ်လျက်ရှိမှု၊ မျိုးကောင်းမျိုးသန့်များကို သုတေသနပြုထုတ်လုပ်၍ ပုဂ္ဂလိကလုပ်ငန်းရှင်များကို ဖြန့်ဝေပေးလျက်ရှိမှုနှင့် ပုဂ္ဂလိကမျိုးစေ့ထုတ်လုပ်ရေး လုပ်ငန်းများပေါ်ထွက်လာရေး ဖိတ်ခေါ်လိုမှု၊ ကျေးရွာနေ ပြည်သူလူထု ဝင်ငွေ တိုးတက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမအသင်း များ အစုအဖွဲ့များဖွဲ့၍ လိုအပ်သည်များကို ပံ့ပိုးပေးလျက်ရှိမှုနှင့် စိုက်ပျိုးမွေးမြူ ရေးအတွက် လိုအပ်သည့်သွင်းအားစုများကိုလည်း ဖြည့်ဆည်းပေးလျက် ရှိပါ ကြောင်း၊ သတ္တု၊ သံရည်ကျိုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာ လိုအပ်ချက်များနှင့် ကုန်ကြမ်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက် ပေးသွားမည်ဖြစ်သဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနရုံးများသို့ ဆက်သွယ် ဆောင်ရွက်နိုင်မှု ၊ ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စားသုံးဆီ ထုတ်လုပ်မှု တိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယခုနှစ်သည် စိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နိုင်မည့် အခွင့် အလမ်းများ များစွာရှိသည့်အတွက် ရေခံ၊ မြေခံကောင်း ပိုင်ဆိုင်ထားသည့် ပဲခူးတိုင်းဒေသကြီးအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားခဲ့ပါသည်။

(ခ) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းမှ SME လုပ်ငန်းများကို SME ဥပဒေများနှင့် တာဝန်ယူဆောင်ရွက်နေရသည့် ဌာနဖြစ်ကြောင်း စက်မှုဝန်ကြီးဌာနလက်အောက်တွင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ SME ဌာနရှိပြီး MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် တာဝန်ခံပြီး ဆောင်ရွက်ပေးနေရပါကြောင်း ပြည်မြို့ရှိ SME လုပ်ငန်းများကို ပြည်ခရိုင် SME ဌာနမှတဆင့် ဆောင်ရွက်နိုင်ပါကြောင်း၊ MSME လုပ်ငန်းများ ငွေကြေးအရင်းအနှီးရရန်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်၊ နည်းပညာဖွံ့ဖြိုးတိုးတက်ရန်တို့ကို ဆောင်ရွက်ပေးနိုင်ရန် ဆွေးနွေးတင်ပြသွားသည်ကို တွေ့ရပါကြောင်း၊ သတ္တုနှင့်ဆက်စပ်သည့် နည်းပညာများပံ့ပိုးပေးရန် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ဆီလုပ်ငန်းရှင်မှ ဆွေးနွေးသည့် Refinery နှင့်ပတ်သက်၍ MSME ဗဟိုကော်မတီအနေဖြင့် နည်းပညာများရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ GMP ရရှိရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်း ရရှိအောင် ကူညီဆောင်ရွက်ပေးနိုင်ပါကြောင်း ပြောကြားပါသည်။

(ဂ) ထို့အပြင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန DRI နှင့်ဆက်သွယ် ဆောင်ရွက်ပေးနိုင်ပါကြောင်း၊ သံထုတ်လုပ်မှုအတွက် ထုတ်လုပ်မှုနည်းပညာသင်တန်းများ ကူညီဆောင်ရွက်ပေးမည်ဖြစ်ပြီး၊ သတ္တုသံရည်ကျိုနှင့်ပတ်သက်၍ Survey ပြုလုပ်ထားရှိပြီး နည်းပညာပံ့ပိုး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ပြည်ခရိုင်ဆင်တဲ၌(၉)တန်းအောင်ဖြင့် တက်၍ရသော စက်မှုသင်တန်းကျောင်းရှိပြီး အဆင့်နိမ့်သောရွှေ့လျားသင်တန်းများကိုလည်း စက်မှုဝန်ကြီးဌာနမှ ဆောင်ရွက်ပေးနိုင်ပါကြောင်း၊ စက်မှုဝန်ကြီးဌာနမှ သံ၊ သံမဏိထုတ်စက်ရုံ၊ စက်ပစ္စည်းထုတ်လုပ်သည့် စက်ရုံရှိသည့်အတွက် ကူညီပေးနိုင်ပါကြောင်း၊ အသေးစိတ် သိရှိလိုသည်အချက်များရှိပါက ပဲခူးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ခရိုင် SME ဌာနများ၊ နေပြည်တော် SME ဌာနများသို့ မေးမြန်းစုံစမ်းလျှင် ကူညီဆောင်ရွက်ပေးနေပါကြောင်း၊ MSME လုပ်ငန်းသည် နိုင်ငံ၏စီးပွားဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးပါကြောင်း၊ သို့ဖြစ်ပါ၍ MSME ဗဟိုကော်မတီအစည်းအဝေးကျင်းပပြီး၊ ယခုလိုပွဲပြုလုပ်ရပါကြောင်း MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် မူဝါဒ(၈)ခုမှ (၁)ကုန်ထုတ်စွမ်းအား နည်းပညာများဆန်းသစ်တီထွင်ခြင်း (၂)သဘာဝပတ်ဝန်းကျင် SME အကျိုးပြု SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး (၃)ငွေကြေးအရင်းအမြစ်များရရှိရေး (၄) ဈေးကွက်ရရှိရေးနှင့် နိုင်ငံတကာချိတ်ဆက် ဆောင်ရွက်နိုင်ရေး (၅)အဖွဲ့အစည်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု (၆)ဥပဒေပြုရေးနှင့် စည်းမျဉ်းစည်းကမ်းဘောင်များ သတ်မှတ်

ချက်စနစ်တကျထားရှိရေး (၇)စွန့်ဦးတီထွင်မှုများနှင့် ဆန်းသစ်မှုများ ဖွံ့ဖြိုး တိုးတက်အောင်ဆောင်ရွက်ခြင်း (၈)လူမှုအကျိုးပြုနှင့်အလုံးစုံပါဝင်သောစီးပွားရေး လုပ်ငန်းများဆောင်ရွက်ရန်တို့ ဖြစ်ပါသည်။

(ဃ) ယခုလောလောဆယ်တွင် မူဝါဒ(၈)ခုထဲမှ ပန်းတိုင်(၅)ခုဖြင့် ဆောင်ရွက်သွားရန် ရှိပါကြောင်း (၁) ကုန်ထုတ်လုပ်မှုစွမ်းအားနည်းပညာနှင့် တီထွင်ဆန်းသစ်မှုများ တိုးတက်မြင့်မားလာရေး (၂) ဈေးကွက်ရရှိမှုနှင့် နိုင်ငံတကာအဆင့်ထိုးဖောက် ဝင်ရောက်နိုင်အောင်မြှင့်တင်ပေးရေး (၃)မူဝါဒနှင့်လုပ်ထုံးလုပ်နည်း ပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရန်မြှင့်တင်ရေး (၄) စွန့်ဦးတီထွင်စွမ်းဆောင်မှုနှင့် လူသား အရင်းအမြစ်ဖွံ့ဖြိုး တိုးတက်မှုများကို တိုးတက်လာအောင်စွမ်းဆောင်ရေး ဆိုသည့် ပန်းတိုင်(၅)ခုရှိပါကြောင်း၊ MSME လုပ်ငန်းများဖွံ့ဖြိုး တိုးတက်ရန် ဆောင်ရွက်ရမည့် ဌာနသည် စက်မှုဝန်ကြီးဌာနမှ Focal ဖြစ်သော်လည်း ပါဝင် ချိတ်ဆက်ပြီး ဆောင်ရွက်ပေးရမည့် ဌာနများမှာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနစသည့် ဝန်ကြီးဌာန(၁၁)ခုမှ ချိတ်ဆက်ပြီး MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ပန်းတိုင်(၅)ရပ်ကို ကြိုးစားဆောင်ရွက်သွားရမည် ဖြစ်ပါ ကြောင်း၊ MSME ဗဟိုကော်မတီအနေဖြင့် တင်ပြခဲ့သည့် HR ဖွံ့ဖြိုးတိုးတက်ရေး၊ ငွေကြေး ရရှိရေးစသည့် လိုအပ်ချက်များကို တတ်နိုင်သလောက် ကြိုးစား ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ လိုအပ်သည့်ဘတ်ဂျက်ကို MSME ဗဟို ကော်မတီသိရှိနိုင်ရန် သက်ဆိုင်ရာ Focal ဖြစ်သည့် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှချိတ်ဆက်ပြီး ဆောင်ရွက်ပေးကြပါရန် ပြောကြားသွားပါ သည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌမှ နိဂုံးချုပ်အမှာစကားပြောကြားခြင်း**

၇။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ နိဂုံးချုပ်အမှာစကားအား အောက်ပါအတိုင်း ပြောကြားခဲ့ပါသည်-

(က) ကုန်ထုတ်လုပ်မှုဆောင်ရွက်ရန်အတွက် ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လူသားအရင်းအမြစ်ကောင်းများ လိုအပ်ကြောင်း၊ စီးပွားရေးလုပ်ငန်း လည်ပတ် ရန်အတွက် ကုန်ထုတ်လုပ်မှုများမဖြစ်မနေ လိုအပ်သကဲ့သို့ ထုတ်လုပ်မှုလုပ်ငန်း

ဆောင်ရွက်ရန်အတွက် ကုန်ကြမ်းသည်လည်း မဖြစ်မနေ လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မြေပေါ်မြေအောက် သယံဇာတပစ္စည်းများမှ ကုန်ကြမ်းပစ္စည်းများ များစွာရရှိနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် သွင်းအားစုများဖြစ်သည့် မြေဩဇာ၊ တိရိစ္ဆာန်အစားအစာ၊ စက်သုံးဆီ၊ လျှပ်စစ်နှင့် အခြားသွင်းအားစုများလည်း လိုအပ်ကြောင်း။

(ခ) စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် မြေဩဇာများရရှိရေး မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကို ဇီဝမြေဩဇာအဖြစ် အသုံးပြုနိုင်သကဲ့သို့ ပိုက်ဆံလျှော်များ စိုက်ပျိုး၍လည်း သဘာဝမြေဩဇာအဖြစ်အသုံးပြုနိုင်ကြောင်း၊ နို့စားနွားများကို စနစ်တကျ မွေးမြူခြင်းဖြင့်လည်း နို့ထွက်ပစ္စည်းကိုအခြေခံသည့် ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ကြောင်း၊ ဒေသထွက်ပစ္စည်းကို အခြေခံသည့် ကုန်ထုတ်လုပ်မှုတွင် မွေးမြူရေးလုပ်ငန်း ကို အခြေခံပြီး ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ထုတ်ကုန်များကို ဒေသတွင်းတွင်သာမက ပြည်ပသို့လည်းတင်ပို့ရောင်းချခြင်းဖြင့် စီးပွားရေးပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း။

(ဂ) စားသုံးဆီများ ထုတ်လုပ်ရာတွင်လည်း ဆီထုတ်လုပ်မှုများကို ခေတ်မီစက်ကိရိယာများနှင့် နည်းပညာများကိုအသုံးပြု၍ အရည်အသွေးပြည့်မီသည် ဆီများထုတ်လုပ်ပြီး စွန့်ပစ်ပစ္စည်းများကိုလည်း တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရင်းအနှီးလိုအပ်သည့်အတွက် မိမိတို့တတ်နိုင်သည့်ပမာဏပေါ်တွင်သာ အခြေတည်၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း တတ်နိုင်သမျှရင်းနှီးမတည်ငွေများ ထုတ်ချေးပေးမည်ဖြစ်ကြောင်း၊ ယခုအခါ မိမိတို့နိုင်ငံ၏ စီးပွားရေးမှာပြန်လည်ဦးမော့လာပြီဖြစ်သည့်အတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းများကို ဆောင်ရွက်ရာ၌ အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲဖြစ်ပေါ်ပါက ချေးငွေများ ထုတ်ချေးနိုင်ရေးနိုင်ငံတော်မှ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

(ဃ) ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်ရာတွင် အရည်အချင်းရှိသည့် လူသားအရင်းအမြစ်များ လိုအပ်မည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းအရ ပဲခူးတိုင်းဒေသကြီးအတွင်း အခြေခံပညာ အားနည်းသူများရှိကြောင်း၊ အဆိုပါ ပညာရေးအားနည်းသူများကို အခြေခံလုပ်ငန်းများသာ သင်ကြားပေးနိုင်ကြောင်း၊ မိမိတာဝန်ယူချိန်ကာလအတွင်း အခြေခံပညာကျောင်းများတွင် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုဆိုင်ရာပညာရပ်များ သင်ကြားနိုင်ရန်အတွက် ခရိုင်တစ်ခုတွင် တစ်ကျောင်း

ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးသိပ္ပံနှင့် မွေးမြူရေးသိပ္ပံများကို ဖွင့်လှစ်မှသာ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများအတွက် ကျွမ်းကျင်သည့် လူသားအရင်းအမြစ်များ ရရှိလာမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းရှင်များ အနေဖြင့်လည်း လုပ်ငန်းခွင်သင်တန်းများကို တတ်နိုင်သမျှ ဖွင့်လှစ်ဆောင်ရွက်ပေးကြစေလိုကြောင်း။

(င) ထုတ်ကုန်များထုတ်လုပ်ရာတွင် တန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ကြရန် လိုကြောင်း၊ ဈေးကွက်ရရှိရေးအတွက် ကုန်ပစ္စည်းပြပွဲများ ကျင်းပရန်လိုသကဲ့သို့ သုံးစွဲသူများ သိရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံမှစ၍ ခိုင်မာအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ဈေးကွက်ရရှိရေးအတွက် အရေအတွက်များများကို အမြတ်နည်းနည်းဖြင့် ရောင်းချနိုင်ရန်လိုကြောင်း၊ ပစ္စည်းချင်းတူပါကလည်း အရည်အသွေး ပိုမိုကောင်းမွန်ရန်လိုကြောင်း၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် လုပ်ငန်းများအဆင်ပြေအောင် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို ပိုမိုဖြစ်ထွန်းအောင် ဆောင်ရွက်ကြစေလိုကြောင်း၊ အခြေခံကောင်းများဖြစ်သည့် မြေနှင့်ရေကို အကျိုးရှိစွာ အသုံးချ၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ဧရာဝတီမြစ်မှ မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နေရောင်ခြည်စွမ်းအင်သုံးပြီး ဆောင်ရွက်၍ရကြောင်း၊ သီးထပ်သီးနှံများ စိုက်ပျိုးခြင်းဖြင့် ဝင်ငွေများပိုမိုရရှိမည်ဖြစ်ကြောင်း၊ အမှန်တကယ် အလုပ်လုပ်ပါက လက်တွေ့အကျိုးဖြစ်ထွန်းလာပြီး တစ်ဦးချင်း၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုမှ ဒေသနှင့် တိုင်းပြည်သည်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်ခရိုင်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ရရှိသည့် ကုန်ကြမ်းများကို အသုံးပြု၍ ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြစေလိုကြောင်း၊ သို့မှသာ ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ထိုမှတဆင့် နိုင်ငံ၏ စီးပွားရေးသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း တိုက်တွန်းဆွေးနွေးပြောကြားခဲ့ပါသည်။

**MSME ထုတ်ကုန်ပြခန်းများအား လှည့်လည်ကြည့်ရှုခြင်း**

၈။ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြည်ခရိုင်အတွင်းရှိ MSME လုပ်ငန်းရှင်များ ခင်းကျင်းပြသထားသည့် စားသောက်ကုန်၊ လူသုံးကုန်၊

စက်မှုလက်မှုထုတ်ကုန်၊ မြန်မာ့ရိုးရာလက်မှုထုတ်ကုန်များ၊ အဝတ်အထည်များ၊ တိုင်းရင်းဆေးများ စသည့် ထုတ်ကုန်ပစ္စည်းများစသည့် ဆိုင်ခန်းပေါင်း (၃၀) ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားလေ့လာခဲ့ပြီး ဈေးကွက်ရရှိမှု အခြေအနေများကို မေးမြန်းဆွေးနွေးခဲ့ပါသည်။

**နိဂုံး**

၉။ သို့ဖြစ်ပါ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် MSME ထုတ်ကုန်ပြခန်းများအား လိုက်လံကြည့်ရှုပြီးနောက် နေ့လည်(၁၄:၀၈)နာရီတွင် ပြန်လည်ထွက်ခွာခဲ့ပါသည်။

ခင်ရွှေ
တိုင်းဒေသကြီးဦးစီးဌာနမှူး
ပဲခူးတိုင်းဒေသကြီး၊ စက်မှုကြီးကြပ်ရေးနှင့်
စစ်ဆေးရေးဦးစီးဌာန

# မှတ်တမ်းဓါတ်ပုံများ


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
## ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့်
## အလတ်စား (MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနား






## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းမှ ရှင်းလင်းတင်ပြခြင်း





# ပဲခူးတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းရှင်များမှ တင်ပြချက်များ





# ပြည်ထောင်စုဝန်ကြီးများမှ ပြန်လည်ရှင်းလင်းပြောကြားခြင်း






## နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌမှ ပြန်လည်ဖြည့်စွက် ရှင်းလင်း ဆွေးနွေးခြင်း






## MSME ထုတ်ကုန်ပြခန်းများအား လှည့်လည်ကြည့်ရှုခြင်း

